ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ် ( ၃ /၂၀၁၉)

၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၅ ရက်

## ဖက်စပ်အသက်အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိမည့် ပြည်တွင်းအသက်အာမခံကုမ္ပဏီများနှင့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများ အမည်စာရင်း ထုတ်ပြန်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖက်စပ်အသက်အာမခံလုပ်ငန်း အဆိုပြုလျှောက်လွှာပါ လိုင်စင်စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ ပြီးဆုံး၍ အကဲဖြတ်စံနှုန်းများနှင့် ကိုက်ညီသည့် ပြည်တွင်းအသက်အာမခံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများကို မြန်မာနိုင်ငံတွင် အသက်အာမခံလုပ်ငန်းအား ဖက်စပ်ပုံစံဖြင့် ဆောင်ရွက်ခွင့်ပြုမည့် အသက်အာမခံကုမ္ပဏီများအဖြစ် (အက္ခရာစဉ်အလိုက်) အောက်ပါအတိုင်းထုတ်ပြန် ကြေညာလိုက်သည်-

(က) Capital Life Insurance Limited and Taiyo Life Insurance Company Limited;

(ခ) Citizen Business Insurance Public Limited and Thai Life Insurance Public Company Limited; and

(ဂ) Grand Guardian Life Insurance Company Limited and Nippon Life Insurance Company.

၂။ ဖက်စပ် အသက်အာမခံလုပ်ငန်းဆောင်ရွက်ခွင့်ရမည့် ပြည်တွင်းအသက်အာမခံ ကုမ္ပဏီများနှင့် နိုင်ငံခြားအသက်အာမခံ ကုမ္ပဏီများသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် လိုင်စင်အကြိုလုပ်ငန်းစဉ်များအား မဖြစ်မနေ ဖြည့်ဆည်းဆောင်ရွက်ရမည့်အပြင် ဖက်စပ်အသက်အာမခံလုပ်ငန်းစတင်ချိန်တွင် ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များကိုလည်း ဆောင်ရွက်ထားရမည် ဖြစ်သည်။ လိုင်စင်အကြိုလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးပါက ဝန်ကြီးဌာနသည် ပြည်တွင်း အသက်အာမခံကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားအသက်အာမခံ ကုမ္ပဏီများအား ဖက်စပ်အသက်အာမခံလုပ်ငန်း လိုင်စင်ထုတ်ပေးသွားမည် ဖြစ်သည်။